NUCC National Unity Consultative Council

အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ

## တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော်အား ရှေလီမြို့အမျိုးသားလုံခြုံရေးကော်မတီမှ ပေးပို့သည့်စာအပေါ် သဘောထားထုတ်ပြန်ချက်

ရက်စွဲ။ ။ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်

မြန်မာပြည်သည် ပြည်တွင်းနိုင်ငံရေး ပဋိပက္ခများ ရှိနေသော်လည်း နိုင်ငံတွင်းမှီတင်းနေထိုင်ကြသော လူမျိုးဘာသာစုံ ပြည်သူများ၏ အချုပ်အခြာအာဏာပိုင် နိုင်ငံတခု ဖြစ်သည်။

နိုင်ငံ၏ ဒေသအသီးသီးရှိ လူမျိုးများနှင့် ၎င်းတို့၏ပြည်နယ်များ၊ နယ်မြေများသည်လည်း သက်ဆိုင်ရာလူမျိုးများနှင့် ဒေသခံပြည်သူများ၏ အချုပ်အခြာအာဏာပိုင် ပြည်နယ်များ၊ နယ်မြေပိုင်နက်များ ဖြစ်ကြသည်။

မြန်မာနိုင်ငံတနိုင်ငံလုံးကိုသော်လည်းကောင်း၊ နိုင်ငံအတွင်းရှိလူမျိုးတမျိုး၊ ပြည်နယ်တခု၊ နယ်မြေဒေသတခုကိုသော်လည်းကောင်း မည်သည့် တိုင်းတပါးနိုင်ငံကမှ နိုင်ငံရေးအရဖြစ်စေ၊ စစ်ရေးအရဖြစ်စေ၊ ခြိမ်းခြောက်အကျပ်ကိုင် ကန့်သတ်ပိတ်ပင် ဟန့်တားခြင်းများ ပြုလုပ်ခွင့် မရှိပေ။

မြန်မာတအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော်ဟု လိပ်မူ၍ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက် ရက်စွဲဖြင့် ရှေလီမြို့အမျိုးသားလုံခြုံရေးကော်မတီမှ စစ်ရေးလေ့ကျင့်မှုအကြောင်းကြား ကြော်ငြာချက်ဟု ခေါင်းစဉ်တပ်ထားသည့် သတိပေး ခြိမ်းခြောက်စာတစောင် ပေးပို့ခဲ့ကြောင်း သတင်းများအရ သိရှိရသည်။

စာပါအချက်အလက်များအရ ကြောက်ရွံ့ကျိုးနွံနှင့် ဆုံးမသွန်သင်နည်းလမ်းများကို ပိုမိုလုပ်ဆောင်မည်ဟု ရိုင်းပျစော်ကားသည့် အသုံးအနှုန်းများဖြင့် ရေးသားထားသည်ကို တွေ့ရသည်။

အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ အနေဖြင့် မိမိတို့၏ မဟာမိတ် တော်လှန်ရေးအင်အားစုတခု ဖြစ်သည့်အပြင် အချုပ်အခြာအာဏာပိုင် လူမျိုးတမျိုးဖြစ်သည့် တအာင်းအမျိုးသားတို့၏ တပ်မတော် အပေါ်နှင့် မိမိတို့ပြည်သူများ၏ တော်လှန်ရေးအပေါ် ယခုကဲ့သို့ ရိုင်းပျစွာ ခြိမ်းခြောက်စော်ကားမှုကို **ပြင်းထန်စွာရှုတ်ချကြောင်း** ထုတ်ဖော်ကြေညာအပ်သည်။

အဆိုပါစာကိုပေးပို့ခဲ့သော ရှေလီမြို့အမျိုးသားလုံခြုံရေးကော်မတီ အနေဖြင့် စာပေးပို့မှုကို ပြန်လည်ရုတ်သိမ်းရန်၊ မြန်မာနိုင်ငံနှင့် သက်ဆိုင်ရာ လူမျိုးများ၊ ပြည်သူများ အပေါ် နိုင်ငံတကာဥပဒေများ၊ ကျင့်ဝတ်များနှင့်အညီ လေးစားအသိအမှတ်ပြုရန် တိုက်တွန်းသည်။

မြန်မာနိုင်ငံရှိ လူမျိုးစုံ ပြည်သူများသည် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးတို့အပြင် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုကို အထူးတန်ဖိုးထားလိုလားသူများဖြစ်ပြီး၊ စစ်အာဏာရှင်များ၏ ရက်စက်ကြမ်းကြုတ်မှုများ မတရားဖိနှိပ်မှုများကြောင့် မလွှဲမရှောင်သာဘဲ တော်လှန်ရေး ဆင်နွှဲနေရခြင်းသာ ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်စပ်ဒေသ အာဏာပိုင်များအနေဖြင့် မြန်မာနိုင်ငံမှ လူမျိုးစုံပြည်သူများ စစ်တပ်၏ မတရားအနိုင်ကျင့်ခံနေရမှုကို စာနာနားလည်၍ ကူညီပံ့ပိုး ပေးခြင်းဖြင့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေရန် ကြိုးစားသင့်ကြောင်း အကြံပြုတိုက်တွန်းသည်။

တော်လှန်ရေးသစ္စာဖြင့်
အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ